ဘုရားဖူးသုတရှာကက်သလစ်ကမ္ဘာ အပိုင်း (၄ )

## စိန်ပီတာဘာစီလီကာကျောင်းတော်ကြီး (Basilica of St. Peter)

စိန်ပီတာဘာစီလီကာကျောင်းတော်ကြီးသည် ဗာတီကန်မြို့တော်တွင် တည်ရှိပြီး ပုပ်ရဟန်းမင်းကြီးဆိုင်ရာ မေဂျာဘာစီလီကာကြီးလေးခုအနက် ဘုရားဖူးနှင့်ကမ္ဘာလှည့်ခရီးသွားဧည့်သည် အများဆုံးလာရောက်သည့် ဘာစီလီကာကျောင်းတော်ကြီးပင်ဖြစ်သည်။ အေဒီ ၁၆ ရာစုမှစ၍ ယနေ့အချိန်ထိ ပုပ်ရဟန်းမင်းကြီး စံနန်းရာ ဘုရားကျောင်းကြီးဖြစ်သည့်အတိုင်း ကက်သလစ်ခရစ်ယာန်များအတွက် မြင့်မြတ်လှသည့် ဘုရားဖူးရာ ဗဟိုနေရာကြီးတစ်ခုဖြစ်လာခဲ့လေသည်။

ဤကျောင်းတော်ကြီးကို စိန်ပီတာအား မြုပ်နှံသင်္ဂြိုလ်ထားသည့် နေရာတွင် ဆောက်လုပ်ထားလေသည်။ စိန်ပီတာသည် ယေရှုခရစ်တော်သခင်၏ တပည့်တော်ကြီး တစ်ဆယ့်နှစ်ပါး (၁၂) ပါးထဲမှ ခေါင်းဆောင်တပည့်တော်ကြီးဖြစ်သည်ဟု ဆိုရပေလိမ့်မည်။ ထို့ကြောင့် စိန်ပီတာအား ကက်သလစ်အသင်းတော်၏ ပထမဦးဆုံးသော ပုပ်ရဟန်းမင်းကြီးအဖြစ် အသိမှတ်ပြုထားကြလေသည်။ ယေရှုခရစ်တော်သခင် အသေခံ၍ ရှင်ပြန်ထမြောက်ပြီး၊ နောက် ကောင်းကင်ဘုံသို့ တက်ကြွတော်မူခဲ့ပြီးနောက် ဦးဆောင်တမန်တော်ကြီးဖြစ်လာခဲ့သည့် စိန်ပီတာသည် ရောမအင်ပါယာကြီး၏ ဗဟိုအချက်အချာမြို့တော်ကြီးဖြစ်သည့် ရောမမြို့တော်သို့ သာသနာပြုခရီးနှင်လာခဲ့လေသည်။ သူ၏နောက်ဆုံးနေ့ထိအောင် ရောမမြို့တော်ကြီးတွင် နေထိုင်ခဲ့ပြီး ခရစ်ယာန်ဘာသာသို့ ယုံကြည်သက်ဝင်၍ ဝင်ရောက်လာကြသော ဘာသာဝင်သိုးစုများကို စောင့်ရှောက်လမ်းညွှန်မှုပေးခဲ့ပြီး တရားဒေသနာများလည်း ဟောပြောတော်မူခဲ့လေသည်။ ရောမမြို့တော်ကြီး၏ မဟာမီးလောင်မှုကြီးအပြီးမှာ နေရိုးဘုရင်၏ ဓါးစာခံများဖြစ်လာခဲ့ကြသည့် ခရစ်ယာန်များသည် မီးရှို့သူများအဖြစ် စွပ်ဆွဲခံရကာ ညှင်းပမ်းနှိပ်စက်မှုမျိုးစုံ ခံခဲ့ရပြီး ကွက်မြက်ခြင်းတို့လည်း ရံဖန်ရံခါ ခံခဲ့ရလေတော့သည်။ ပထမတွင် စိန်ပီတာလည်း ထိုအန္တရာယ်များကိုကြောက်ရွံ့ကာ ရောမမြို့တော်မှ ထွက်ပြေးတိမ်ရှောင်ဖို့ ကြိုးပမ်းခဲ့လေသည်။ သို့သော်လည်း ထိုသို့ကြိုးစားစဉ် ရောမမြို့ရိုးအပြင်၌ ယေရှုခရစ်တော်အား ရူပါရုံဖြင့် တွေ့ရှိခဲ့ကာ မိမိဆရာသခင်နှင့် စကားပြောဆိုပြီးသည့်နောက်မှာတော့ မိမိလုပ်ရပ်အတွက် မှားလေပြီဟု နောင်တရမိကာ ထွက်ပြေးတိမ်းရှောင်ဖို့ မကြိုးစားတော့ဘဲ မြို့ထဲသို့ပြန်လည်ဝင်ရောက်ခဲ့လေတော့သည်။  နောက်တနေ့တွင်မူ ရောမစစ်သားတို့၏ ဖမ်းစီးခြင်းကို ခံခဲ့ရလေသည်။ သူ့အား ကားတိုင်တင်၍ကွက်မြက်ကြရာ မိမိဆရာသခင်ကဲ့သို့ အသေခံရန်မထိုက်တန်သည်ဖြ စ်၍သူ့အား ကားတိုင်ပြောင်းပြန်တင်၍ ကွက်မြက်ကြဖို့ တောင်းဆိုခဲ့လေသည်။ ထို့နောက် သူ၏ရုပ်ကလာပ်ကို ဤဗာတီကန်နေရာဝန်းကျင်၌ မြုပ်နှံထားခဲ့ကြလေတော့သည်။

အေဒီလေးရာစုမှာတော့ ခရစ်ယာန်ဘာသာသို့ သက်ဝင်ယုံကြည်လာခဲ့သော ရောမအင်ပါယာမင်း ကွန်စတန်တီနိုသည် စိန်ပီတာ၏အုပ်ဂူပေါ်တွင် ပထမဆုံးသော ဘာစီလီကာကျောင်းတော်ငယ်ကို တည်ဆောက်ခဲ့လေသည်။ သို့သော်လည်း ခေတ်လယ်ပိုင်းကာလ အေဒီ ၁၄၀၀ ဝန်းကျင်တွင် ဤကျောင်းတော်ကြီးမှာ ယိုယွင်းပျက်စီးနေခဲ့သည်။ ထိုမှ ဘုရားကျောင်းတော်ကြီးကို အသစ်တဖန်ပြန်လည် ဒီဇိုင်းချကာ တိုးချဲ့ဆောက်လုပ်ဖို့အတွက် ပုပ်ရဟန်းမင်းကြီး ပဉ္စမမြောက် နီကောလပ်စ် (Nicolas V) မှ ဆုံးဖြတ်ချက်ချခဲ့လေသည်။ ဤသည်ပင် ယနေ့မြင်တွေ့နေရသော ကျောင်းတော်ကြီး၏ အုပ်မြစ်ချ အစပင်ဖြစ်ပေတော့သည်။ ဤကျောင်းတော်ကြီးကို ပြီးမြောက်ဖို့ရန် နှစ်ပေါင်း ၁၅၀ ကျော် အချိန်ယူခဲ့ရလေသည်။ ဤဘာစီလီကာကြီးအား ပုံဖော်ဆောက်လုပ်ခဲ့ကြသည့် ကမ္ဘာ့အကျော်အမော် ပန်းပု၊ ပန်းချီ နှင့် ဗိသုကာပညာရှင်ကြီးများမှာ ဒိုနာတို (Donato Bramante)၊ ရာဖာအဲလ်၊ အန်တိုနီအို (Antonio da Sangallo the Younger)၊ မိုင်ကယ်အန်ဂျေလို၊ ဂျကော့ (Jacopo Barozzi da Vignola)၊ ဂျာကိုမို (Giacomo della Porta)၊ ကာလို (Carlo Maderno)၊နှင့် ဂျန်လော်ရန်ဇို (Gian Lorenzo Bernini) တို့ဖြစ်ကြသည်။ ဘုရားကျောင်းတော်ကြီးအား မူရင်း ဂရိကားတိုင်ပုံစံမှ လာတင်ကားတိုင်ပုံစံသို့ပြောင်းလဲဖို့ ပထမပိုင်းဆုံးဖြတ်ခဲ့သော်လည်း မိုင်ကယ်အန်ဂျေလိုလက်ထက်တွင် မူရင်းဂရိကားတိုင်ပုံစံအတိုင်း ဆောက်လုပ်ဖို့ ဆုံးဖြတ်ခဲ့လေသည်။ ထို့နောက် လိပ်ခုံးအမိုး (Dome) ကြီးကိုလည်း မိုင်ကယ်အန်ဂျေလိုမှ ကိုယ်ပိုင်အတွေးဖြင့် ဒီဇိုင်းဆွဲဆောက်လုပ်ခဲ့လေသည်။

ဤဘာစီလီကာကျောင်းတော်ကြီးအား ဆောက်လုပ်ထားသည့် ဗိသုကာအမျိုးအစားမှာ တကျော့ပြန်ဘာရော့ခ် (Renaissance Baroque) ဖြစ်သည်။ အမြင့်ပေ ၄၄၈.၁ ရှိပြီး ၎င်း၏အလျားမှာ ပေ ၇၃၀ အရှည်ရှိ၍ အကျယ်အဝန်းမှာ ပေ ၅၀၀ ရှိသည်။ ပျမ်းမျှအားဖြင့် နှစ်သိန်းလေးသောင်း (၂၄၀,၀၀၀) စတုရန်းပေရှိသည်။ ထိုမျှကြီးမား၍ ဤကျောင်းတော်ကြီးသည် တရားနာပရိတ်သပ် ခြောက်သောင်း (၆၀၀၀၀) ဝင်ဆံ့နိုင်ပေသည်။ ဘာစီလီကာဝင်ပေါက်တွင် ဂျူဗီလီနှစ်ရောက်မှသာ ဖွင့်လေ့ရှိသည့် တံခါးပေါက်ကြီးတစ်ခုရှိပြီး ၎င်းကို သန့်ရှင်းသောတံခါးဟုခေါ်ဆိုလေသည်။ ထိုသို့ ဂျူဗီလီနှစ်ရောက်တိုင်း (၂၅ နှစ်တကြိမ်)ထိုသန့်ရှင်းသောတံခါးမှဖြတ်သန်း၍ ကျောင်းတော်ကြီးအတွင်းသို့ဝင်ရောက်ကာ အင်ဒူဂျင်သျှားဟုခေါ်သော အပြစ်ခွင့်လွှတ်ခြင်းကျေးဇူးတော်ကို တောင်းခံ ရရှိကြလေ့ရှိသည်။

ကျောင်းတော်ကြီးအတွင်းပိုင်းမှာ ၁၈၇ မီတာ အရှည်၊ ၅၈×၁၄၀ မီတာ အလျားဖြတ်အရှည်၊ ၄၆ မီတာအမြင့် (၁၅ထပ်မြင့်တိုက်ခန်းအမျှ) ရှိသည်။ ဤကျောင်းတော်ကြီးအတွင်းမှ ဗဟိုဘုရားစင်ကြီးအထက်ရှိ ပုလ္လင်တော်ကြီးသည် ကိုးဆယ့်ခြောက်ပေ (၉၆ပေ) အမြင့်ရှိပြီး ဘယ်နီးနီ (Bernini) မှ ၁၆၃၃ခုနှစ်တွင် ပြုလုပ်ခဲ့သည်။ ဤကျောင်းတော်ကြီးအတွင်းပိုင်းမှာ သင်္ဘောကြီးပုံစံဆောက်လုပ်ထားပြီး လက်ယမ်းတဖက်စီတို့မှာ ဘာသာရေးအသင်းဂိုဏ်းများတည်ထောင်ခဲ့သူ ရဟန္တာသူတော်စင်များ၏ရုပ်ထု ၃၉ ခုရှိသည်။ ထို့အပြင် ကြေးဖြင့်ထုဆစ်ထားသော ပုလ္လင်ခုံပေါ်တွင် ထိုင်လျက်ရှိသော စိန်ပီတာ၏ရုပ်တုရှိသည်။

အချို့က ၎င်းရုပ်ထုအား (၁၂၄၅-၁၃၀၂)အတွင်း အာနိုဖို (Arnolfo di Cambio)မှထုဆစ်ခဲ့သည်ဟု ဆိုကြသော်လည်း အချို့ပညာရှင်များက ၎င်းရုပ်ထုမှာ လွန်ခဲ့သည့် အေဒီ ၅ ရာစုကတည်းက ရှိခဲ့သည်ဟု ဆိုသည်။ ထိုရုပ်ထုသည် လူများနမ်းခြင်းကို အခံရဆုံးသော ရုပ်ထုဖြစ်ပြီး ခြေဖျားပိုင်းမှာ မူရင်းလက်ယာပျောက်နေလေပြီ။ ၎င်းကျောင်းတော်ကြီးအတွင်း အုပ်ဂူပေါင်း ၁၀၀ကျော်ရှိပြီး ပုပ်ရဟန်းမင်းကြီး ၉၁ ပါး၏ အုပ်ဂူများလည်း ပါဝင်ပေသည်။

၎င်းဘာစီလီကာကြီး၏ မျက်နှာပြင်တွင် စိန့်ပီတာရင်ပြင်တော်ကြီးရှိပြီး အချိန်နှင့်အမျှဆိုသလို ကမ္ဘာအရပ်ရပ်မှ ဘုရားဖူးခရီးသည်များဖြင့် ပြည့်နေတတ်ပေသည်။ အထူးသဖြင့် ပုပ်ရဟန်းမင်း အရှင်သူမြတ်ကြီး၏ လူထုနှင့်ထိတွေ့ချိန်၊ တရားဒေသနာတော်ဟောပြောချိန်၊ ဗုဒ္ဓဟူးနှင့် အန်ဂျေလူးမေတ္တာဆိုသည့်အချိန် တနင်္ဂနွေနေ့များတွင် အလွန်ပင်ပြည့်နှက်နေတတ်လေသည်။

စိန့်ပီတာရင်ပြင်ကြီးအား ဝိုင်းရံထားသော တိုင်လုံးစဉ်များ၏အပေါ်တွင် ရဟန္တာသူမြတ်တို့၏ ရုပ်တုပေါင်း ၁၄၀ ရှိသည်။ ထိုရုပ်တုများကို ၁၆၆၂ မှ ၁၇၀၃ အတွင်း ပန်းပုပညာရှင်များစွာမှ ထုလုပ်ခဲ့ကြခြင်းဖြစ်သည်။ ရင်ပြင်တော်ကြီးသည် ၃၂၀ မီတာ အနက်ရှိပြီး၊ အချင်းဝိုင်းပမာဏမှာ ၂၄၀ မီတာကျယ်ဝန်းပြီး၊ တိုင်လုံးစဉ်ကြီးပေါင်း ၂၄၈ လုံးဖြင့် ဝန်းရံထားလေသည်။ ၎င်းရင်ပြင်တော်ကြီး၏ထိပ်ဦး၊ ဘာစီလီကာကြီး၏ အရှေ့တွင် ဘုရားစင်ကြီးတစ်ခုပြုလုပ်ထားပြီး ၎င်းဘုရားစင်ကြီးတွင်မူ ပွဲတော်ကြီးများနှင့် အထူးအခမ်းနားများတွင် ပုပ်ရဟန်းမင်းကြီးကိုယ်တိုင် မစ္ဆားတရားတော်မြတ်ပူဇော်ကျင်းပလေ့ရှိသည်။ ထိုဘုရားစင်ကြီး၏ ဘေးနှစ်ဘက်တွင်မူ စိန့်ပီတာကြီး၏ရုပ်ဆင်းတုကြီးနှင့် တမန်တော်ကြီး သံပေါလူး၏ ရုပ်ဆင်းတုကြီးများကို ထင်ထင်ရှားရှားမြင်တွေ့နိုင်ပေသည်။ ရင်ပြင်တော်ကြီး၏ အလယ်တည့်တည့်တွင်မူ တန်ချိန် ၃၈၅တန်ရှိသော တစ်တုံးတည်းသောကျောက်သားဖြင့်ထုဆစ်ထားသော ကျောက်တိုင်ကြီးကို မားမားမတ်မတ် ထူမတ်ထားသည်ကို တွေ့မြင်နိုင်ပေသည်။ ထိုကျောက်တိုင်ကြီးကို ခရစ်တော်မပေါ်ထွန်းမီကတည်းက ရောမအင်ပါယာမင်း ဂိုင်အိုဂျူးလီရှစ်စီဆာ (Gaius Iulius Caesar)ကိုယ်တိုင် အီဂျစ်ပြည်မှသယ်ဆောင်လာခဲ့ပြီး နေရိုးဘုရင်မင်း၏ဆက်ကပ်ကွင်းကြီးတွင် ထောင်မတ်ထားခဲ့လေသည်။ ထိုနောက်မှ စိန့်ပီတာဘာစီလီကာကျောင်းတော်ကြီးကို ဆောက်လုပ်ချိန် အေဒီ ၄ ရာစုမှာတော့ ကျောင်းတော်ကြီးရှေ့တွင် ဆက်လက်ထောင်မတ်ထားခဲ့လေသည်။ ထို့နောက် ၁၅၈၆ ခုနှစ်တွင် ပုပ်ရဟန်းမင်းကြီး ဆဋ္ဌမမြောက်စစ္စတုစ်မှ ယနေ့လက်ရှိနေရာသို့ ရွှေ့ပြောင်းလာခဲ့သည်။ ထို့အပြင် ထိုကျောက်တိုင်ကြီးပေါ်တွင်လည်း "ယေရှုးခရစ်တော် အောင်မြင်သည်။ ယေရှုးခရစ်တော် စိုးစံတော်မူသည်" ဟူသောစာတမ်းကိုလည်း ထွင်ထားခဲ့သည်။

ဘာစီလီကာကျောင်းတော်ကြီးမှာ ထူးခြားမြင်သာစေသော လိပ်ခုံးအမိုးကြီးအပေါ်သို့ တက်ဖို့ကြည့်ဖို့မှာလည်း စိတ်လှုပ်ရှားဖွယ်ကောင်းလှသည်။ ၎င်းလိပ်ခုံးအမိုးကြီးကို မိုင်ကယ်အန်ဂျေလိုမှ ဒီဇိုင်းဆွဲဆောက်လုပ်ခဲ့ပြီး ၎င်းလိပ်ခုံးအမိုးပေါ်သို့တက်ရန်

လှေကားထစ်ပေါင်း ၄၉၁ ခုရှိသည်။ ယနေ့တွင် ဓါတ်လှေကားဖြင့် တက်သော် လှေကားထစ်ပေါင်း
၁၇၁ ခုအား သက်သာစေမည်။ သတိထားရမည့်အချက်မှာ
ငင်းလိပ်ခုံးအမိုးကြီးပေါ်သို့တက်ဖို့အတွက် စောင့်နေကြသော
ရှည်လျားသည့်လူအုပ်တန်းကြီးအတွက်တော့ စိတ်ရှည်ရှည်ထားဖို့လိုပေလိမ့်မည်။

စိန်ပီတာဘာစီလီကာကျောင်းတော်ကြီးတွင် ဘုရားဖူးလေ့လာအပြီးမှာတော့
အိမ်တွင်ကျန်ရစ်ခဲ့သော မိသားစုထံ၊ သူငယ်ချင်းမိတ်ဆွေများထံသို့ အမှတ်တရကဒ်လေးများ
ပို့ဆောင်လိုသူများအတွက် ဗာတီကန်အမြန်ချောပို့စာတိုက်လည်း ရင်ပြင်တော်ကြီးဝန်းကျင်တွင်
အသင့်ရှိနေကြောင်း သတင်းကောင်းပါးရင်း ဝေမျှလိုက်ပါရစေ။

မနောအောင်